CB MasterCard/Visa Credit Card အတွက် သတိပြုရန်

## Card Replacement (ကတ်အစားထိုး လျှောက်ထားခြင်း)

လူကြီးမင်းတို့၏ CB MasterCard/Visa Credit Card ပျောက်ဆုံးခြင်း(သို့) ခိုးယူခံ ရခြင်းသည် အရေးကြီးသည့် ဖြစ်ရပ်တစ်ခုဖြစ်သည်။

•လူကြီးမင်း၏ကတ်သည် ပြည်တွင်းတွင် ပျောက်ဆုံးလျှင် (သို့မဟုတ်) ခိုးယူခံရလျှင် CB Bank ၏ Card Department Phone No. ၃၇၀၁၄၅,၃၇၈၉၀၅ သို့ချက်ချင်း အကြောင်းကြားရန်။



•လူကြီးမင်း၏ကတ် နိုင်ငံခြားတွင်ပျောက်ဆုံးလျှင်(သို့) ခိုးယူခံရလျှင် CB Bank Phone No. (+)၉၅–၁ ၃၇၀၁၄၅ (+)၉၅–၁ ၃၇၈၉၀၅ သို့ ချက်ချင်း အကြောင်းကြားရန်။



•CB Bank တာဝန်ခံမှ လူကြီးမင်းတို့၏ ပျောက်ဆုံးသွားသော ကတ်များကိုပယ်ဖျက်ပြီး CB Credit Card အသစ် ထုတ်ပေးမည် ဖြစ်သည်။

## Card Renewal (ကတ်အသစ်လဲလှယ်ခြင်း)

လူကြီးမင်း၏ CB MasterCard/Visa Credit Card တရားဝင် သက်တမ်းကို ကတ်မျက်နှာစာပေါ်တွင် ပြသထားပါသည်။ နှစ်စဉ်ကြေးကို လူကြီးမင်း၏ Account ထဲမှ နုတ်ယူသွားမည်ဖြစ်ပြီး လူကြီးမင်း၏ လစဉ်စာရင်းရှင်းတမ်းတွင်လည်း ပြသပေးမည်ဖြစ်ပါသည်။ လူကြီးမင်း လက်ရှိကိုင်ဆောင်ထားသော ကတ်၏သက်တမ်း မကုန်ဆုံးမီ အချိန်တွင် ကတ်အသစ်အား ကြိုတင်လဲလှယ်သင့်ပါသည်။ လူကြီးမင်းသည် ကတ်အသစ်အား လက်ခံရရှိပြီးနောက်တွင် အလွဲသုံးစားပြုလုပ်မှုများမှ ကာကွယ်နိုင်ရန်အတွက် ကတ်၏နောက်ကျောတွင် လက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။ လူကြီးမင်း၏ ကတ်အဟောင်းအားသက်တမ်း မကုန်ဆုံးမီ ဖျက်သိမ်းလိုပါက ဘဏ်သို့စာဖြင့်သော်လည်းကောင်း၊ Email ဖြင့်သော်လည်ကောင်း အကြောင်းကြားရန်လိုအပ်ပါသည်။

## လိပ်စာပြောင်းလဲခြင်း

ဖုန်းနံပါတ် နှင့် နေရပ်လိပ်စာများပြောင်းလဲမှုရှိပါက CB Bank Phone No. (+)၉၅–၁ ၃၇၀၁၄၅ (+)၉၅–၁ ၃၇၈၉၀၅ သို့ အကြောင်းကြားရမည် ဖြစ်ပါသည်။

## ကတ်နှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များ

### ဆောင်ရန် အချက်များ

- လူကြီးမင်း၏ ကတ်အား ရလျှင်ရချင်း လက်မှတ်ရေးထိုးပါ။
- ATM စက်မှ ငွေထုတ်ခြင်းပြုလုပ်လျှင် Transactionပြုလုပ်နေစဉ် အတွင်း လူကြီးမင်း၏ကတ်အား သေချာစွာ အာရုံစိုက်ပါ။ ဖြစ်နိုင်မည်ဆိုလျှင် ကတ်အား လျင်မြန်စွာရယူပါ။ ထိုသို့ဆောင်ရွက်ခြင်းသည် ATM စက်တွင် လုပ်ဆောင်နေသော လူကြီးမင်း၏ လျှို့ဝှက်အချက်အလက်များကို ကာကွယ်နိုင်စေရန်အတွက် ဖြစ်သည်။
- ဈေးဝယ်ယူပြီးသည့်အခါတိုင်း လူကြီးမင်း၏ ကတ်အား သေချာစွာ ပြန်လည်ရယူပါ။
- ငွေစာရင်းရှင်းတမ်းနှင့် နှိုင်းယှဉ်စစ်ဆေးနိုင်ရန်အတွက် ငွေလက်ခံပြေစာတို့အား သေချာစွာ သိမ်းဆည်းထားပါ။
- မှန်ကန်မှုမရှိသော ငွေလက်ခံဖြတ်ပိုင်းတို့အား လက်ခံခြင်းမှ ရှောင်ရှားပါ။
- လစဉ်ပေးပို့သော စာရင်းရှင်းတမ်းအား သေချာစွာ ဖွင့်ဖောက် စစ်ဆေးပါ။
- လူကြီးမင်း၏ Credit Card မှတ်တမ်းများနှင့် Account information အချက်အလက်များကို လူကြီးမင်း၏ကတ်အား ထုတ်ပေးသော Issuer ၏ဆက်သွယ်ရန် အချက်အလက်များနှင့် တကွ သေချာစွာ သိမ်းဆည်းထားပါ။
- လူကြီးမင်း ဝယ်ယူထားသည့်ပမာဏ မှန်ကန်သည့် လက်ခံဖြတ်ပိုင်းများ နှင့် ATMမှ ရရှိသည့် ငွေလက်ခံဖြတ်ပိုင်းများကို သိမ်းဆည်းထားပါ။
- လူကြီးမင်း၏ Billing Statement နှင့် လူကြီးမင်း ဝယ်ယူထားသော ပမာဏတို့ မှန်ကန်မှုရှိ/မရှိ အတည်ပြုနိုင်ရန် အနည်းဆုံးတစ်လလျှင် တစ်ကြိမ် စစ်ဆေးပါ။
- ၎င်းစာရင်းရှင်းတမ်းသည် လူကြီးမင်း၏ စာရင်းရှင်းတမ်း ဟုတ်မှန်ခြင်း ရှိ/မရှိ စစ်ဆေးရန် လိုအပ်ပါသည်။
- လူကြီးမင်း၏ Credit Card အခိုးခံရလျှင် (သို့) ပျောက်ဆုံးပျက်စီးလျှင် ၎င်း Credit Card အား အမြန်ဆုံးဖျက်သိမ်းပါ။ Credit Card အသစ်လုပ်လျှင်လည်း မိမိယခင်အသုံးပြုခဲ့သောPIN (ကိုယ်ပိုင်လျှို့ဝှက်နံပါတ်)နှင့် မတူညီသော PIN (ကိုယ်ပိုင်လျှို့ဝှက်နံပါတ်) အသစ်တစ်ခုအား အသုံးပြုပါ။
- လူကြီးမင်း၏ Credit Card PIN (ကိုယ်ပိုင်လျှို့ဝှက်နံပါတ်) အား (နာမည်၊မွေးသက္ကရာဇ်၊တယ်လီဖုန်းနံပါတ်၊အမိအမည် စသည်ဖြင့်) အသုံးပြုခြင်းအား ရှောင်ရှားပါ။
- လူကြီးမင်း၏ နေရပ်လိပ်စာ ပြောင်းလဲမှုရှိပါက CB Bank Card ဌာနသို့ ချက်ချင်း အသိပေးပါ။
- လူကြီးမင်း၏ Credit Card အခိုးခံရလျှင်(သို့) ပျောက်ဆုံးပျက်စီးလျှင် CB Bank Card ဌာနသို့ ချက်ချင်း ဆက်သွယ်အကြောင်းကြားပါ။
- လူကြီးမင်း၏ကတ်နှင့် ပတ်သက်၍ သံသယဖြစ်ဖွယ် တစ်စုံတစ်ရာ တွေ့ရှိပါက CB Bank Card ဌာနသို့ အမြန်ဆုံး အကြောင်းကြားပါ။

### ရှောင်ရန်အချက်များ

- လူကြီးမင်း၏ CB MasterCard/Visa Credit Card PIN (ကိုယ်ပိုင်လျှို့ဝှက်နံပါတ်)များကို ချရေးခြင်းမပြုပါနှင့်။ ၎င်းနံပါတ်တို့အားအမြဲမှတ်မိနေရမည်။
- လူကြီးမင်း၏ CB MasterCard/Visa Credit Card PIN အား တစ်စုံတစ်ယောက်ကိုမျှ ငှားရမ်းခြင်း မပြုပါနှင့်။
- လူကြီးမင်း၏ကတ်နှင့် ငွေလက်ခံပြေစာတို့အား ထားရစ်ခဲ့ခြင်းမပြုပါနှင့်။
- ကွက်လပ်ဖြစ်နေသော လက်ခံပေါ်တွင် လက်မှတ်ရေးထိုးခြင်းမပြုပါနှင့်။ လက်ခံပြေစာပေါ်တွင် လက်မှတ်ရေးထိုးသောအခါ စုစုပေါင်းရှင်းငွေပမာဏ၏အထက်နေရာကွက်လပ်ကို မျဉ်းရေးခြစ်ပြီးမှ လက်မှတ်ရေးထိုးပါ။
- လူကြီးမင်း ယုံကြည်စိတ်ချရသောCompany နှင့် ဖုန်းခေါ်ဆိုခြင်းတို့မှအပ လူကြီးမင်း၏ Card Number အား ပေးအပ်ခြင်း မပြုပါနှင့်။
- အလွယ်တကူ ခန့်မှန်း၍ ရနိုင်သော နံပါတ်များကို PIN (ကိုယ်ပိုင်လျှို့ဝှက်နံပါတ်) အဖြစ်မသုံးပါနှင့်။
- လူကြီးမင်း၏ CB MasterCard/Visa Credit Card PIN (ကိုယ်ပိုင်လျှို့ဝှက်နံပါတ်)အား တစ်စုံတစ်ယောက်ကို မည်သည့် အကြောင်းကြောင့်မျှ ဖွင့်လှစ်ပြသခြင်း မပြုပါနှင့်။
- လူကြီးမင်း Cancel (သို့) Closed လုပ်ပြီးသော Account တို့တွင် အသုံးပြုပြီးသားဖြစ်သော PIN (ကိုယ်ပိုင်လျှို့ဝှက်နံပါတ်) တို့အား လူကြီးမင်း အသစ်ဖွင့်လှစ်လိုသော Card တွင် တူညီသော PIN (ကိုယ်ပိုင်လျှို့ဝှက်နံပါတ်) အဖြစ် အသုံးပြုခြင်း မပြုပါနှင့်။

C B BANK

# C B BANK

## USER'S GUIDE OF CB MasterCard / VISA CREDIT CARD

CB MasterCard/Visa Credit Card
နှင့်ပတ်သက်၍ လူကြီးမင်း သိရှိရမည့်အချက်များ

## ၁။ CB MasterCard/Visa Credit Card

CB MasterCard/Visa Credit Card သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးထုတ်လုပ်သောInternational Credit Card ဖြစ်ပါသည်။

## ၂။ CB MasterCard/Visa Credit Card နမူနာပုံစံ

ကတ်၏အရှေ့ဘက်




၁။ ကတ်နှင့်ပတ်သက်သည့် အချက်အလက်များ သိမ်းဆည်းထားသော ချစ်(ပ်)ပြား
၂။ ကတ်နံပါတ်
၃။ ကတ်သက်တမ်း ကုန်ဆုံးရက်
၄။ ကတ်ပိုင်ရှင်၏ အမည်အပြည့်အစုံ

ကတ်၏အနောက်ဘက်




၁။ အရေးပေါ် ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်
၂။ Data သိုလှောင်ထားသည့် Magnetic Stripe
၃။ ကတ်ပိုင်ရှင်၏ လက်မှတ်ထိုးရန်နေရာ
၄။ CVV Number

## CB MasterCard/Visa Credit Card ကိုရရှိလျှင် ဆောင်ရွက်ရန်အချက်များ

၁။ CB MasterCard/Visa Credit Card တွင်လက်မှတ်ရေးထိုးရန် သတ်မှတ်ထားသောနေရာတွင် ကတ်ရရှိလျှင်ရရှိခြင်း ကတ်ပိုင်ရှင်မှ လက်မှတ်ရေးထိုးရပါမည်။




၂။ ATM (သို့)ဈေးဆိုင်ရှိ POS များတွင် အသုံးပြုနိုင်ရန်အတွက် ကိုယ်ပိုင်လျှို့ဝှက်နံပါတ်ကို မှတ်သားထားရပါမည်။ (အဆိုပါကိုယ်ပိုင်လျှို့ဝှက်နံပါတ်ကို ကတ်တွင်ရေးသားခြင်း မပြုရ။)
၃။ အကယ်၍ ကိုယ်ပိုင်လျှို့ဝှက်နံပါတ်ကို ပြောင်းလဲလိုပါက လူကြီးမင်း ကြိုက်နှစ်သက်ရာနံပါတ်ကို ပြောင်းလဲနိုင်ပါသည်။ ထိုသို့ ပြောင်းလဲရာတွင် လူကြီးမင်း၏ မွေးသက္ကရာဇ်နှင့် မိုဘိုင်းဖုန်းနံပါတ်တို့ကို ရွေးချယ်ခြင်းမပြုရပါ။
၄။ အဆိုပါ ကိုယ်ပိုင်လျှို့ဝှက်နံပါတ်ကို မည်သူကိုမျှ ထုတ်ဖော်ပြောကြားခြင်းမပြုရပါ။

## ကတ်ပိုင်ရှင်မှ ဆက်သွယ်ဆောင်ရွက်ရမည့်တာဝန်

၁။ လူကြီးမင်းသည် လူကြီးမင်း၏ကတ်နှင့်ဆောင်ရွက်ခဲ့သော လုပ်ဆောင်ချက်များအတွက် ATM (သို့) ဈေးဆိုင်ရှိ POS မှငွေလက်ခံပြေစာ(သို့) အရောင်းပြေစာများရရှိမည် ဖြစ်ပါသည်။၎င်းပြေစာများကို သိမ်းဆည်းထားပြီး ဘဏ်မှရရှိသည့် စာရင်းရှင်းတမ်းနှင့် တိုက်ဆိုင်စစ်ဆေးရပါမည်။
၂။ အချို့သော ငွေကြေးပမာဏများ ကွဲလွဲမှုရှိပါက(သို့) လူကြီးမင်းအမှန်တကယ် ဆောင်ရွက်ခဲ့ခြင်းမရှိသော လုပ်ဆောင်ချက်များ ရှိနေသည်ဟုသံသယရှိပါက CB Bank ကတ်ဌာနသို့ ချက်ချင်း အကြောင်းကြားရပါမည်။
၃။ အကယ်၍ လူကြီးမင်း၏ကတ် ပျောက်ဆုံးလျှင်(သို့) ခိုးယူခြင်းခံရလျှင် ကတ်ဌာနနှင့်ဆက်သွယ်နိုင်ရန်အတွက် လူကြီးမင်း၏ကတ်နံပါတ် နှင့် ကတ်ဌာန၏ဖုန်းနံပါတ်တို့ကို မှတ်သားထားရပါမည်။

## CB MasterCard/Visa Credit Card ကို POS စက်တွင်အသုံးပြုရန်အတွက် ဆောင်ရွက်ပုံအဆင့်ဆင့်

၁။ ကတ်ဖြင့် ငွေပေးချေနိုင်ရန် ကုန်စည်ရောင်းချသူထံ လူကြီးမင်း၏ ကတ်ကိုပေးရပါမည်။




၂။ ကုန်စည်ရောင်းချသူက လူကြီးမင်း၏ ကတ်ကို DIP (ကတ်ကို POS စက်အတွင်းသို့ ထည့်သွင်းခြင်းစနစ်ဖြင့် သော်လည်းကောင်း)၊ စတင်ဆောင်ရွက်လိမ့်မည်။
၃။ ငွေပေးချေမှုကို လူကြီးမင်း စစ်ဆေးအတည်ပြုပေးနိုင်ရန် ကုန်စည်ရောင်းချသူက အရောင်းပြေစာ(သို့) POS စက်ကို လူကြီးမင်း ထံတင်ပြပါလိမ့်မည်။



၄။ (က) အရောင်းပြေစာကို တင်ပြလာလျှင် ရှေးဦးစွာ ပြေစာတွင် ဖော်ပြထားသော ကျသင့်ငွေပမာဏနှင့် လူကြီးမင်း အမှန်တကယ်ပေးချေရမည့် ငွေပမာဏတို့ ကိုက်ညီမှုရှိ/မရှိ သေချာအောင်စစ်ဆေးရပါမည်။ ထို့နောက် ပြေစာပေါ်ရှိ လက်မှတ်ရေးထိုးရန်သတ်မှတ်ထားသော နေရာတွင် လူကြီးမင်း၏လက်မှတ်ကို ရေးထိုးပေးရပါမည်။
၄။ (ခ) POS စက်ကို တင်ပြလာလျှင် ရှေးဦးစွာ POS စက်ပေါ်တွင် ဖော်ပြထားသော ကျသင့်ငွေပမာဏနှင့် လူကြီးမင်းအမှန်တကယ် ပေးချေရမည့် ငွေပမာဏတို့ ကိုက်ညီမှုရှိ/မရှိ သေချာအောင် စစ်ဆေးရပါမည်။ထို့နောက် POSစက်တွင် လူကြီးမင်း၏ Pin (ကိုယ်ပိုင်လျှို့ဝှက်နံပါတ်)ကို ကိုယ်တိုင် ထည့်သွင်းပေးရပါမည်။ ထိုသို့ထည့်သွင်းရာတွင် လူကြီးမင်းမှတပါး အခြားသူများမမြင်ရအောင် အထူးသတိပြုရမည်။ Pin(ကိုယ်ပိုင်လျှို့ ဝှက်နံပါတ်) ကို ကုန်စည်ရောင်းချသူအား ကိုယ်စား ထည့်သွင်းပေးခိုင်းခြင်း မပြုပါနှင့်။
၅။ လူကြီးမင်း ဝယ်ယူသောကုန်စည်အတွက် ကျသင့်ငွေရှင်းလင်းပြီးနောက် အရောင်းပြေစာမိတ္တူကို ရောင်းသူထံမှ ရယူရပါမည်။
၆။ ထို့နောက် လူကြီးမင်း၏ ကတ်ကိုလုံခြုံစွာ ပြန်လည်သိမ်းဆည်းရပါမည်။

## CB MasterCard/Visa Credit Card ကိုအသုံးပြု၍ Phone(သို့) Mail ဖြင့်ဈေးဝယ်ယူရန်အတွက်

ဆောင်ရွက်ပုံအဆင့်ဆင့် –
၁။ Email မှတဆင့် (သို့) တယ်လီဖုန်းဖြင့် ပစ္စည်းများကို မှာယူသည့်အခါတွင် ကုမ္ပဏီ၏ဂုဏ်သတင်း အကြောင်းအရာများကို သင်ယုံကြည်စိတ်ချမှုရှိပါက လူကြီးမင်း၏ Card နံပါတ်တစ်ခုတည်းသာ ပေးရပါမည်။
၂။ လူကြီးမင်း၏ ကတ်လုံခြုံရေး Code နံပါတ်များကို မေးမြန်းလာပါက ကတ်နောက်ကျောဘက်တွင် လူကြီးမင်း၏လက်မှတ် ထိုးထားသည့် နေရာအနီးရှိဂဏန်းများမှ နောက်ဆုံးသုံးလုံးကို သာပြောရပါမည်။ ရောင်းချသူများသို့ လူကြီးမင်း၏ Pin (ကိုယ်ပိုင်လျှို့ဝှက်နံပါတ်)ကို မည်သည့်အခါမှ မပေးရပါ။




## ATM မှ ငွေသားထုတ်ရန်အတွက် လူကြီးမင်း၏ CB MasterCard/Visa Credit Card ကို အသုံးပြုပုံ

- MasterCard/Visa Logo ပါရှိသော ATM များတွင် ငွေသား ထုတ်ယူနိုင်ပါသည်။ စက်တွင်ဖော်ပြထားသော ညွှန်ကြားချက်အတိုင်း ကတ်အား ထည့်သွင်းဆောင်ရွက်ပါ။
- ATM PIN (ကိုယ်ပိုင်လျှို့ဝှက်နံပါတ်)ဂဏန်း(၆)လုံးအား ရိုက်ထည့်ပါ။ Transaction Type အား Cash Withdrawal ကိုရွေးချယ်ပါ။
- ငွေသားထုတ်ယူခြင်းအတွက် လူကြီးမင်း ထုတ်ယူလိုသော ငွေပမာဏအား ရိုက်ထည့်ပါ။
- ATM မှ လူကြီးမင်း၏ ကတ်ကိုသိမ်းပါ။ ATM မှ ထွက်လာသော ငွေအားရေတွက်ပါ။

